တောရကျေးရွာ
ကျောက်စုကျေးရွာအုပ်စု၊ ပင်းတယမြို့နယ်

၂၀၂၁ - ၂၀၂၂ခု (၆)လဘက္ဍာရေးနှစ်
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)



ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
တောရကျေးရွာ
ကျောက်စုကျေးရွာအုပ်စု၊ ပင်းတယမြို့နယ်
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ
မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ကျေးရွာ သယံဇာတပြမြေပုံ၊	၄
	ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊	၅
	ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊	၆
	အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ	
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	၇
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	၇
၃။	လူဦးရေဆိုင်ရာ အချက်အလက်များ	၇
၄။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	၇
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	
	(က) သီးနှံ စိုက်ပျိုးရေးဇယား	၇-၈
	(ခ) မွေးမြူရေးလုပ်ငန်း	၈
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၈
၆။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၉
	(ခ) ကျေးရွာ မီးလင်းရေး	၉
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၇။	ပညာရေး	၉
၈။	ကျန်းမာရေး	၉
၉။	ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၉
၁၀။	ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	၁၀
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၀
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး	၁၀
၁၃။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	၁၁

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်		
	စီမံချက် အဆိုပြုလွှာ (၁)	၁၂-၁၃
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၄
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၅-၅၂
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၅၃-၅၅

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၁-၂၀၂၂ခု (၆)လဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ခုဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံ သာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံ သာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။


ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊


ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး ဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက် မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယားစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

တောရကျေးရွာ သယံဇာတပြန်လည်ပုံ၊ ပင်းတယမြို့နယ်



တောရကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊ ပင်းတယမြို့နယ်



တောရကျေးရွာ ကျေးရွာတွင်းနှင့် ကျေးရွာပြင်ပ ဆက်စပ်မှုပြပုံ၊ ပင်းတယမြို့နယ်

အပိုင်း (က)
ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်
ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ကျွန်ုပ်တို့ကျေးရွာသည် ပင်းတယ-ရပ်စောက်သွားလမ်းကားမဘေးတွင် တည်ရှိသောရွာလေးတစ်ရွာ ဖြစ်ပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ တောင်ယာလုပ်ငန်းဖြစ်ပြီး မွေးမြူရေးကို တစ်နိုင်တပိုင် လုပ်ကိုင်ကြသည်။ တောင်ယာမြေများသည် စပါးစိုက်ပျိုးရန် အဓိက အားထားရာဖြစ်သည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

တောင်ယာမြေအသင့်အတင့်ရှိပြီး မြေဆီအသင့်အတင့်ကောင်းမွန်သည်။ ကျေးရွာတွင် တောင်ယာ၊ လက်လုပ်လက်စားနှင့် အရောင်းအဝယ်အနည်းငယ်လုပ်ကိုင်ကြလျက်ရှိသည်။စိုက်ပျိုးနိုင်သည် ဧကအနည်းငယ် ရှိပြီး စပါးနှင့်ပြောင်း၊မြေပဲ ၊နှမ်းတို့ကိုစိုက်ပျိုးကြသည်။

၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စု(၆၂)စု နှင့် ကျား(၁၀၃)ဦး ၊မ(၁၃၇)ဦးဖြင့်လူဦးရေပေါင်း (၂၃၀)ဦး ရှိသည်။ ဓနုလူမျိုးနှင့် ပအိုဝ်း လူမျိုးအများဆုံးနေထိုင်ကြသည်။

(ခ) **စီးပွားရေးအခြေအနေဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု**

အဓိကဝင်ငွေရ လုပ်ငန်းသည် စိုက်ပျိုးရေးနှင့် လက်လုပ်လက်စားလုပ်ငန်းဖြစ်သည်။ တစ်ရွာလုံး၏ ဝင်ငွေ အနေအထားမှာ သာမာန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အလယ်အလက်နှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများသည် ပိုများသည်။ ယင်းတို့အနက်ဆင်းရဲအဆင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများသည် အများဆုံးဖြစ်ပြီး မြေသားအနည်းငယ်ပိုင်သော လယ်သမားများ၊လက်လုပ်လက်စား ဆောက်လုပ်ရေးလုပ်သားများနှင့် မြေယာမဲ့ အိမ်ထောင်စုများပါဝင်သည်။

(ဂ)ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်
မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်းရာသီအလိုက်လယ်ယာလုပ်ငန်း၊လက်လီရောင်း ဝယ်ခြင်း လုပ်ငန်း၊တနိုင်တပိုင်မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေရရှိနိုင်ကြသည်။ အခြား ထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မသန်စွမ်း(၃)ဦးနှင့် မိသားစုစောင့်ရှောက်မှုနည်းသူများဖြစ်သည့် သက်ကြီး ရွယ်အို (၅)ဦး တို့ဖြစ်ကြသည်။

(ဃ) ကျန်းမာရေးနှင့် အဟာရ

ကျေးရွာတွင် ရွာသားအများစုသည်သာမာန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ အမျိုးသမီး၊လူငယ်လူရွယ်သက်ကြီးပိုင်း တို့သည်လည်း တကိုယ်ရည်သန့်ရှင်းရေးနှင့်

ကျန်းမာရေးအသိအမြင်များ ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုကျေးရွာတွင်ရရှိနိုင်ကြပြီး ဒေါင်သာကွာဝေးပြီးကားလမ်းဖြင့် အလွယ်တကူသွားလာနိုင် သော မြို့နယ်ဆေးရုံ ၊ ဆေးခန်းဆေးဆိုင်များနှင့်လက်လှမ်းမီသည်။

(ဂ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိသည်။ ရွာသားအများစုသည်အခြေခံ အရေး၊အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်အနည်းငယ်ရှိသည်။ ကျေးရွာတွင် အခြေခံ ပညာရေးကို ရွာထဲရှိမူလတန်းကျောင်းတွင် တက်ရောက်သင်ကြားနိုင်ကြသည်။ သို့သော် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာနိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းနည်းပါဆဲဖြစ်သည်။

(စ) ကျား-မရေးရာကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရကောင်းစွဉ်သတ်မှတ်ထားကြသည်။ ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင်ကျားနှင့် မအကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံခြင်း ကိစ္စများမတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမာန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်ရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်သည်။ ပညာရေးနှင့် ဆိုင်သော ကိန်းဂဏာန်းများတွင် မူလတန်း အဆင့်၌ မိန်းကလေးအရေအတွက် သည်ယောကျ်ားလေးအရေအတွက်မှာကျား အရေအတွက်ထက်ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေတွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားလျော့နည်း လျက်ရှိသည်။ ကျား-မတန်းတူညီမျှနှင့်ပတ်သက်၍ အသိပညာပေးခြင်းများ မြင့်တင်ဆောင်ရွက်ခြင်းဖြင့် ကျား-မ တန်းတူညီမျှမှု၊ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၆)ဖွဲ့ နှင့်ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ(၁)ဖွဲ့နှင့်စီးပွားရေး ဆိုင်ရာအဖွဲ့(၁)ဖွဲ့ရှိပါသည်။ယင်းအဖွဲ့များအနက်ပြင်ပမှ ဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာအဖွဲ့ဖြစ်သည့် အမျိုးသမီး ရေရာအဖွဲ့မှာလှုပ်ရှားမှုအားနည်းသည်။ နာရေးကူညီမှုမှာလည်း လုပ်ရှားဆောင်ရွက်မှု အားကောင်းသည်။

(ခ) သီးနှံစိုက်ပျိုးရေး ဇယား:

ကျေးရွာတွင် စပါးနှင့် ပြောင်းကို အဓိကထား၍ စိုက်ပျိုးကြသည်။ စိုက်ခင်းများ တွင် ဖျက်ပိုးကျရောက်မှုကို ပိုမို တွေ့ရပြီး ယင်းဖျတ်ပိုးနှိမ်နှင်းရေး ပိုးသတ်ဆေးတချို့ကို ခံနိုင်စွမ်းရှိကြသဖြင့် တောင်သူများအနေဖြင့် ထိရောက်သော ဖျတ်ပိုးနှိမ်နင်းရေး နည်းစနစ်ကို လိုလားနေကြသည်။

ကျေးရွာတွင် ဝက်မွေးသူအိမ်ထောင်စု အရေအတွက်မှာ တစ်ရွာလုံး၏ ၃၀%ဝန်းကျင် သာရှိပြီး ဒေသမှ ဝက်မျိုးများကိုမွေးမြူကြသည်။ ဒေသကြက်မွေးသည့် အိမ်ထောင်စုလည်း တစ်ရွာလုံး၏၂၅%ခန့်ရှိပြီး ဈေးကွက်တွင် ဝယ်လိုအားရှိသည်။ ရာသီအလိုက် ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါများ အထူးသဖြင့် ကြက်လည်း လိမ်ရောဂါသည် အဖြစ်များပြီး ရောဂါကြောင့် သေဆုံးပျက်စီးမှုများရှိတတ်သည်။ ကျေးရွာတွင် မွေးမြူရန် ရေမြေနေရာအဆင်မပြေသောကြောင့် ငါးမွေးမြူးရေးလုပ်ငန်းများမရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုလုပ်ငန်း အတော်အသင့်ရှိသည်။ အိမ်တွင်းမှုလုပ်ငန်းကြောင့် ကျေးရွာတွင် ဈေးစဉ်လိုက်ရောင်းသူအနည်းငယ်ရှိသည်။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စား၊ဈေးရောင်းလုပ်ငန်း လုပ်ကိုင် သူအချို့ရှိသည်။နေ့စားလုပ်ကိုင်သူများ စိုက်ပျိုးရာသီတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ် အကိုင်နှင့်ဝင်ငွေမမှန်မူကြောင့် တွက်ခြေကိုက်မှုနည်းသည်။

(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု့

ကျေးရွာတွင် စပါးနှင့် သနပ်ဖတ်စိုက်ပျိုးသူအနည်းငယ်သာရှိသည်။ ပြီးခဲ့သည့် ၂၀၂၀ မိုးကာလတွင် မိုးများ သောကြောင့် ပိုးများဝင်ရောက်ကာ စပါးအထွက်နှုန်းလျော့နည်းခဲ့ရသည်။

(c) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် တောင်သူအချို့သည် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို အတိုးနှုန်း ၇ပြားတို့ဖြင့်ချေးယူနိုင်ကြသည်။ ကျေးရွာသားများသည် ချေးငွေကိုအကြောင်းမျိုးစုံ (စားဝတ်နေရေး၊ကျန်းမာရေး၊ ပညာရေး) အများအားဖြင့် စားဝတ်နေရေးအတွက်ချေးယူကြသည်။

(စ)ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းဆောင်ကိုသွပ်မိုး၊အုတ်ကာ၊အင်္ဂတေဖြင့်ဆောက်လုပ်ထားသည်။ ကျောင်းသူ
ကျောင်းသားများမိုးလေလုံလောက်စွာဖြင့်ပညာသင်ကြားနိုင်သည်။လူလတ်ပိုင်းနှင့်လူငယ်များ အရေး၊အဖတ်၊ အတွက်ကျွမ်းကျင်ကြပြီး အချို့သက်ကြီးရွယ် အိုများမှာ ဘုန်းတော်ကြီး ကျောင်းပညာရေးကိုရရှိထားကြသည်။ ကျောင်းတွင်ပရိဘောဂ လုံလောက်စွာရှိပြီး ဆရာ၊ဆရာမများ ပညာသင်ကြားပေးနေကြသည်။ကျေးရွာတွင် သောက်သုံးရေကို ကျေးရွာပိုင်ရေလှောင်ကန်တို့တွင်ရရှိနုိင်သည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်သည့်နေရာသီးသန့်မရှိပေ။ လူတို့သည် ကျေးရွာလူမှုရေးလုပ်ငန်း ၊ဘာသာရေးပွဲတော်များတွင်လည်း

အားကြိုးမာန်တက်ပါဝင်ဆောင်ရွက်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း အတွက် သီးသန့်ဖော်ဆောင်နိုင်ခြင်းမရှိသေပေ။

(၈) အခြေခံအဆောက်အဦး-လမ်းတံတား၊လျှပ်စစ်မီး၊ သတင်နှင့် ဆက်သွယ်ရေး

ကျေးရွာရှိ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ထော်လာဂျီ အသုံးပြုမောင်းနှင်ကြသည်။ လမ်းပန်းဆက်သွယ်ရေးအတွက် ဆိုင်ကယ်၊ စက်ဘီး၊မော်တော်ကားတို့ကို အသုံးပြုကြသည်။ ကျေးရွာတွင် လျှပ်စစ်မီးကို ကျေးရွာရှိအိမ်ထောင်စု (၄၅)အိမ်ခန့် အသုံးပြုသွယ်တန်းထားကြသည်။ ကျေးရွာတွင် စာကြည့်တိုက် မရှိဘဲသတင်းစာ၊ ဂျာနယ်တို့ကို ဝယ်ယူဖတ်ရှုကြသည်။ တစ်ရွာလုံး၏ အတိုင်းအတာဖြင့် တယ်လီဖုန်းနှင့်သတင်း ဆက်သွယ်ရေးမှာ အတော်အသင့် ကောင်းမွန်ကြောင်း တွေ့ရှိရသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေသည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေ

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓာတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသည်ဖြင့် ထင်းသက်သာသည့် လျှပ်စစ်မီးဖို့ဖြင့် ချက်ပြုတ်ခြင်း ၊ကျောင်းသား၊ ကျောင်းသူများအတွက် အထောက်အပံ့ဖြစ်စေခြင်းကြောင့် လူနေမှု အဆင့်အတန်းမြင့်မားလာစေသည်။ လူငယ်ပညာတတ်များရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည့် ဘွဲ့ရအရေအတွက်အသင့်အတင့်ရှိပြီး ကျွမ်းကျင်နှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ လေ့ကျင့်သင်ကြားပေး ခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်စေပါသည်။ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန် ပြီးကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ကျန်းမာရေးဝန်ဆောင်မှုသို့လည်း အလွယ်တကူလက်လှမ်းမီနိုင်ကြသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေး ပန်းတိုင်

ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီး (၅) နှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်ကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က-၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊အလုပ်အကိုင်များဖန်တီးခြင်း၊သက်မွေး ပညာသင်တန်းရရှိခြင်းမှ တဆင့်ဝင်ငွေရှာဖွေနိုင်စွမ်းနှင့်စီးပွားရေးအနေအထားတိုးတက်စေရမည်။

(က-၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့်ပိုမိုကောင်းမွန်ပညာရေးမှတဆင့် ကလေးငယ်များ၏လူသား ဆိုင်ရာစွမ်းဆောင်ရည်ကို နယ်ပယ်ကျယ်ဝန်းလာစေရမည်။

(က-၃) ကျွန်ုပ်တို့ရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့်စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာ အခြေပြုအဖွဲ့အစည်းများ၏ စွမ်းရည်မြင့်မားလာမှုမှ တဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရားတိုးတက်လာစေရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့ကျေးရွာသည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုရောက်ရှိရန် အောက်ပါ အကောင်အထည်များကို ဆောင်ရွက်သွားမည်။

(ခ-၁) ကျေးရွာတွင် အရင်းအနှီးငွေ၊နည်းပညာနှင့်နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးသည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာသင်တန်းများတက်ရောက်နိုင်ရန်အတွက်သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ပေးသွားမည်။ သင်တန်းတက်ထားသူများက တဖန်ရရှိထားသော နည်းပညာကို ကျေးရွာတွင် မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများ ထွန်းကားလာရေး စိုက်ပျိုးရေး၊မွေးမြူရေး၊နည်းပညာသင်တန်းများတက်ရောက်နိုင်ရန်အတွက် သက်ဆိုင်ရာ နည်းပညာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ပေ သွားမည်။ သင်တန်းတက်ထားသူများက တဖန်ရရှိထားသော နည်းပညာကို ကျေးရွာတွင်မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုင်ပိုင်လုပ်ငန်းများတွင်အသုံးချကာ ထုတ်လုပ်မှု ကိုတိုးတက်စေသည်။

(ခ-၂) ကျွန်ုပ်တို့သည် အုပ်ချုပ်၊ စက်ပြင် ၊မော်တော်ဆိုင်ကယ်ပြင် ယိုနှင့်မုန့်လုပ်နည်း၊ဆံပင်ညှပ်၊ဇာထိုး ပန်းထိုးပန်းထိုး စသောသင်တန်းတက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းတက်ရောက်သူများသည် ကျွမ်းကျင်မှုကို ရရှိစေပြီး ဝင်ငွေရလုပ်ငန်းများထူထောင်တိုးချဲ့ နိုင်ရန် အရင်းအနှီးအစီအစဉ်နှင့်ချိတ်ဆက်ပေးမည်။

(ခ-၃) ကျေးရွာတွင် ကျေးရွာမြေသားလမ်းနှင့် လျှပ်စစ်မီးတိုင်ပြန်လည် လဲလှယ်ရေး ရေကျော်တံတားများပြန်လည် ပြုပြင်ရေးနှင့် တစ်ရွာလုံးတိုးတက်ကောင်းမွန်စေရေးအာကြိုးမာန်တက်အောင် ဆောင်ရွက်ပေးမည်။ကျေးရွာလူမှု အဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြု လုပ်ငန်းများကို အကောင်အထည် ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှု စွမ်းရည်များပိုမိုရရှိအောင် ဆောင်ရွက်တိုက်တွန်းအားပေးဆောင်ရွက်သွားမည်။

၇။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများအကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှကူညီဖြေရှင်းပေးရ မည့်ကိစ္စများ

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်ထိမှ တဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့် ထိပဲ့ပိုးပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပံ့မှန်စီစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်အား နည်းပညာအထောက်အပံ့များပံ့ပိုးပေးမူသည် အလွန်အရေး ပါပါသည်။ အနာဂတ်အတွက်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စီစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာဦးစားပေးချက်များနှင့် ဘတ်ဂျက်ပမာဏ ပါဝင်သည့် နှစ်ပတ်လည်ဖွဲ့ဖြိုးရေးစီမံချက်များ နှင့်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စိုက်ပျိုးမြေများထိရောက်စွာနှင့် ထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင် စပါးအပြင် ပြောင်းနှင့် ပန်းနန်ကိုသီးထပ်အဖြစ်စိုက်ပျိုးကြသည်။ ရာသီဥတုဖောက်ပြန်မှု ကြောင့် ဖျတ်ပိုးများဝင်ရောက်လျှင် စိုက်ပျိုးရေးထွက်ကုန်ချသည့်ဆိုင်နှင့် ပုဂ္ဂလိက ပိုးသတ်ဆေးကုမ္ပဏီများမှ အရောင်းဆိုင်များကို မှီခိုအားထားကြရသည်။

(ဂ) ငွေရေးကြေးရေးနှ၍ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကို ဆင်ရဲတောင်သူ ၊ အလယ်အလတ်တောင်သူများ၊ တောင်သူကြီးများအတွက်လိုအပ် သော ချေးငွေရရှိရန် စနစ်ပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် တောင်သူများနှင့် အသေးစားလုပ်ငန်းရှင်များ သည်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစား စီးပွားရေးလုပ်ငန်း များသည် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် အသေးစား စီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်သည်။

(ဃ) ကျေးလက်စျေးဆောက်လုပ်ရေး

ကျေးလက်တွင် အမှန်တကယ်စျေးမရှိပါ။

၈။ စီမံကိန်း၊စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ဇယား

စီမံချက်များသည် အကောင်အထည်ဖော်မည်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများ အဖြစ် သဘောထားနည်းလည်နိုင်စေမည့် ဖော်ထုတ် ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည့်သို့ မျှပြည့်စုံမှု မရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည်နှစ်နှစ်၊သုံးနှစ်တာကာလစီမံချက်များအတွက် မျှော်မှန်းရေး ဆွဲထားနိုင် ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့်ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါသည်။ သို့ပါသောကြောင့်ရေးဆွဲထားသည့် ၅နှစ်တာစီမံချက်သည် ပြင်းထန်သော သဘောထား သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများဆုံးပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါသည်။ ထို့ကြောင့် (၅)နှစ်တာကာလ ကျေးရွာဖွံ့ဖြိုး ရေးစီမံချက်၏ဗျူဟာမြောက်မူ ဘောင်အတွင်နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ဆောင်ရွက် သွားကြပါ သည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်နည်းလမ်းနှင့် အစီစဉ်များ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့၏ အခန်းကဏ္ဍာ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင် အထည်ဖော် တာဝန်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကောင်းမတီ အသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ - မိဘဆရာ အသင်းသည် မူလတန်းပညာရေးသင်ကြားမှုအရည်အသေးတိုးတက်ရေးဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့ အစည်းကလည် လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေး ဌာနနှင့်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက် ရပါမည်။ လက်သမားအဖွဲ့အစည်းတွင်

လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့် မြင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံ နှင့် တွက်ချက်မှုဆိုင်ရာအကူအညီများရယူပါမည်။

(ခ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် ဆင့်ခေါ်ယူ၍ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်းပုဂ္ဂိုလ်များ၏ ပါဝင်မှာ အမှန်ပင်လိုအပ်ပါမည်။

_ ဆောက်လုပ်ရေး ၊ကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက် ကထရိုက်များ

-စိုက်ပျိုးရေး၊ မွေးမြူရေးစသည့်သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ(နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်များ) ကန်ထရိုက်နှင့် ဝန်ဆောင်မှု ပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင်ဖော်ပြထားသော အဖွဲ့ခွဲ၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေး တာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ကတာဝန် ပေးထားသောအဖွဲ့ခွဲ၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့သည်တာဝန် ပေးထား သော အဖွဲ့ခွဲကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဂ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့်ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီ အနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံရေးအစီအစဉ်များထားရှိမည်။ ဥ ပမာအားဖြင့် တံတားဆောက်လုပ်ခြင်းနှင့် လုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း စေတနာ အလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထိုအပြင် တံတားပေါ် ဖြတ်သန်းသွားသယ်ယူမည့်ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ခွဲအားတာဝန်အပ်နှင်း ဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာ အသင်းစသည့်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ **စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေ များအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနား၌ ကြီးကြပ်စစ်ဆေးအကဲ ဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှ သာရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့်လုပ်ငန်းကိုပြီးမြောက်အောင်ဆောင်ရွက်နိုင်ပါမည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည် ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျော့ ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ

ကိုကြီးကြပ်သုံးသပ်ရာတွင်ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊အိမ်ထောင်စုများတက်ကြွစွာအတူပူး

ပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန်သင့်တော်သော အဖွဲ့အစည်း စနစ်လုပ်ထုံး လုပ်ငန်းများတည်ဆောက်ပါမည်။

(က) ကြီကြပ်စစ်ဆေးခြင်(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည်ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းဆိုင်ရာ တိုးတက်မှုနှင့် ငွေကြေးဆိုင်ရာတိုးတက်မှု တို့ကို စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ဂင်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့်ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့်သက်ဆိုင်ရာစီမံကိန်း လုပ်ငန်းအလိုက်တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့က မိမိတို့က မိမိတို့တာဝန်ကျရာကဏ္ဍာအလိုက်စစ်ဆေးသုံးသပ်သည်။

အဖွဲ့ခွဲ အသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလျက်များရရှိအောင်ေ ဆာင်ရွက် ကြပါမည်။ ယင် အခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည် အညွှန်းကိန်းများဖြစ်သည်။ (၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့် အဖွဲ့ခွဲ အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးမှု အစီအရင်ခံစားသည် အောက်ပါအချက်များအပေါ်ဦးတည်ပါမည်။

(၁)လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

စီမံကိန်း လုပ်ငန်းများတိုးတက်မှုနှင့် ပြီးမြောက်မှု အတိုင်းအတာအကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲအဟန့်အတားများနှင့် ပြုပြင်သော အဆိုပြုချက်များ ပြုပြင်ပြောင်းလဲဆောင်ရွက် ရန် လုိအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများဖြစ် ပါသည်။

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်အများစုသည်းပြီး စီးမှုလျာထားချက်နှင့်နှိုင်းယှဉ်၍

(၃) လပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်

ငွေသားနှင့် ငွေသားများမဟုတ်သော အရင်းအမြစ်များစုဆောင်ရာတွင် ကြုံတွေ့နေရသော အခက်အခဲများ ၊ ပြဿနာများ၊ ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန်အဆိုပြုနည်းလမ်းများ၊ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည်(၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ပြင်ဆင်ပြီးသက်ဆိုင်ရာကျေးရွာအုပ်စု ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနများသို့ အစီရင်ခံစာပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ(၂-၃) မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များ ကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့်ရင်ဆိုင်ကျော်လွှားမှုများကျေးရွာသူကျေးရွာသား
များပြုပြင်ပြောင်းလဲဆောင်ရွက်သွားပါမည်။

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၊အကဲဖြတ်ပွဲ စီမံကိန်းကာလ နှစ်တစ်နှစ်ကုန် ဆုံးချိန်တွင်စီမံကိန်း ၏ တိုးတက်မှု အခြေအနေကိုဘတ်စုံ ရှုထောင်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာကျွန်ုပ်ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက် မှု အခြေအနေကိုဘဏ်စုံ ရှုထောင်မှ ပြန်လည် သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည်သုံးသပ် တွေ့ဆုံပွဲ၏ အခြေအနေများကုိ အောပါအဖွဲ့အစည်း ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေး တင်ပြနိုင်သော အခွင့်လမ်းဖန်တီးနိုင်ရန်ဖြစ်ပါသည်။

ဖိတ်ကြားမည့် အဖွဲ့အစည်းများ

-ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့၊မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ(ငွေကြေးထည့်ဝင် သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ) သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

- နှစ်ပတ်လည်သုံးသပ်ဖွဲ့မှကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်များရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကိုပြန်လည် ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာအကူအညီ

ယနေ့ကဲ့သို့ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့်စီမံဆောင်ရွက်စဉ် အဓိကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာ စောင့်ကြည့်ခြင်းနှင့်အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ် မည်ဖြစ်သည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိသဖြင့် ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှု တို့နှင့် လက်လှမ်းပါသည်။ ကျေးရွာတွင်လျှပ်စစ်မီး ရရှိသောကြောင့် အအေးခန်းဖြင့် သိုလျောင်ရန်လိုအပ်သော ဆေးများအတွက် ရေခဲသေတ္တာသုံးပြီးသိုလှောင်ထားနိုင်သည်။ ကျေးရွာတွင် အိမ်ထောင်စု အားလုံးယင်လုံအိမ်သာ သုံးစွဲနေကြသည်။ ယင်လုံအိမ်သာများမှာသွပ်မိုး၊ အုတ်ကာနှင့်သွပ်မိုး သွပ်ကာတို့ဖြင့်ဆောက်လုပ်ထားပြီး ကျောင်းသားကျောင်းသူများအတွက် အသုံးပြုရန် လွယ်ကူသည်။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာ၌ တောင်ယာစိုက်ခင်းများတွင် ဓာတုမြေဩဇာ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာ အရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိမ်ခွံ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများမြင့် တင်ဆောင်ရွက်ပေးသင့်သည် ကျေးရွာတွင် သဘာဝဘေးအန္တရာယ်ကျရောက်မှုနည်းပါသည်။

၁၀။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ကျားမရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျားမရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်းကျေးရွာ လူမှုအဖွဲ့အစည်းတင်စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မ ကြားပြင်ထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသားအမျိုးသမီးများသည် သာမာန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေး တူညီစွာရရှိကြသည်။ သာမာန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိကြသည်။ ပညာရေးနှင့် ဆိုင်သော ကိန်းဂဏန်းများတွင် အလုပ်သမားအာခများကို အမျိုးသမီးထက် အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့်

လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု ကူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက်လုပ်အားက လျော့နည်းရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှု တို့မှာ မရှိသလောက်နည်းပါးသည်။ ကျားမတန်းတူညီမျှဖွံ့မှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။သို့သော်ရွာသားများသည် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင် ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ ကျေးရွာတွင် သဘာဝ ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်သီးသန့်ရေးဆွဲထားခြင်းမရှိပါ.။ ရွာသားများသည် ရဲစခန်းသို့အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်းနည်းပါးသည်။

ပန်းတိုင်နှင်မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်ပြီး လာမည့် ငါးနှစ်တာကာလ အတွက် ကျေးရွာဖွံ့ရေးပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်။

(က-၁) ကျွန်ုပ်တို့ ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း အသက်မွေးပညာသင်တန်းများရရှိခြင်းမှ တဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေး အနေအထားကို တိုးတက်ရရှိစေမည်။

(က-၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သောပညာရေးမှ တဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည် နယ်ပယ်ကိုကျယ်ဝန်းလာစေရမည်။

(က-၃) ကျွန်ုပ်တို့ ရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာ အခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြင့်မားလာမှုမှ တဆင့်ဖွံ့ဖြိုးရေး စီမံခန့်ခွဲမှု ယန္တရားတိုးတက်လာရမည်။

(ခ) **အကောင်အထည် ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင် ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်ပြမှုများကို ဆောင်ရွက်သွားကြသည်။

(ခ-၁) ကျေးရွာတွင် အရင်းအနှီး ငွေနည်းပညာနှင့် နည်းပညာများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊မွေးမြူရေးပညာ သင်တန်းများတက်ရောက်နိုင်ရေးအတွက် သက်ဆိုင်းရာနည်းပညာဌာန များနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများက တဖန်ကျေးရွာတွင်ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှုတိုးတက်စေမည်။

(ခ-၂) ကျွန်ုပ်တို့သည် အပ်ချုပ် ၊ဇာထိုးပန်းထိုး ယိုနှင့် မုန့်လုပ်ငန်း၊ ဆံပင်ညှပ်၊စက်ပြင် ၊မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သော

သင်တန်းများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသူ၊ သင်တန်းသား များအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေ ပြီးဝင်ငွေရလုပ်ငန်းများထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီး လုပ်ငန်းအစီစဉ် နှင့်ချိတ်ဆက်ပေးမည်။

(ခ-၃) ကျေးရွာတွင်စာသင်ကျောင်း၏ ခြံစည်းရိုးကာရံပြီး မူကြိုကျောင်းတစ်ဆောင် ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ၏ အရည်အချင်းတိုးမြင့် လာရေးအတွက်ဆောင်ရွက်မည်။ ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး အထက်တန်းကျောင်းခွဲ တွင်ဘာသာရပ်အလိုက်ကျွမ်းကျင်မှုပြည့်ဝသော ဆရာဆရာမခန့်ထားရရှိနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

(ခ-၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့်ကျေးရွာစျေးဆောက်လုပ်ကာ ရွာ၏အခြေခံအဆောက်အဦးများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ တချိန်တည်းတွင် ကျေးရွာအဆောက်အအုံများကို အသုံးပြုစီမံခန့်ခွဲ ထိန်းသိမ်းရေး အတွက်စီမံခန့်ခွဲနိုင်စွမ်းကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများသွားကြမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံ ခန်းခွဲနိုင်ရန် ခေါင်းေဆာင်မှုစွမ်းရည်များပိုမိုရရှိအောင်ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုရဌာနဆိုင်ရာများနှင့်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ကျန်အဖွဲ့အစည်းများ အနေဖြင့် နိုင်ငံတော်အဆင့်မှ သည်ဒေသဆိုင်ရာအဆင့်၊ထိုမှ တစ်ဆင့်ကျန်ပ်တို့ ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည် အစိုးရဌာနများနှင့် အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာဆင့် ထို့မှ တဆင့် ကျန်ပ်တို့ကျေးရွာအဆင့်ထိပံ့ပိုးပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက် ရေးဆွဲခြင်းနှင့်ပံ့မှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါ သည်အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရမှ ရရှိမည်ဟု မျှော်လင့် ပါသည်။ ကျွန်တော်တို့ကျေးရွာသားများ ကိုယ်တိုင်အား ထုတ်လုပ်ကိုင်ရရှိခဲ့မှုများကိုပြန်လည် စီစစ်သွားပါမည်။

(ခ)စိုက်ပျိုးမြေများထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင် စပါးအပြင် မတ်ပဲကို သီးထပ် အဖြစ်စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုး ကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွားနှိမ်နှင့်ရေးအတွက်နည်းစနစ် အတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နှင်းရေးအတွက်သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကို ရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိက အရောင်းဆိုင်များကို မှီခိုအားထား မှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေး အချို့ကိုခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက်

သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နှင်းရေး နည်းပညာ အသစ်ရရှိရေး အတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ကျေးရွာအတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင် နှင့်အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာရေး စွမ်းဆောင်ရည်၊သတင်းအချက်အလက်များ၊ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများ(ကုန်ထက်ခြင်း၊ စက်မှု၊ လက်မှု လုပ်ငန်း)အတွက် လုပ်ငန်းစီမံခန့်ခွဲရေးထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက် ပေးရန်လိုအပ်ပါသည်။ဘတ်ဂျတ်ပမာဏ ပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

ထိုအဖွဲ့တွင်ကျွမ်းကျင် ပညာရှင်တစ်ချို့နှင့်တို့ချဲ့ပညာရေး ဝန်ထမ်းအချို့စီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်း များကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရံပုံငွေလည်းရှိရပါသည်။

(c) ကျေးလက်စွေးဆောက်လုပ်ရေး

ကျေးရွာတွင် ဆိုင်ခန်း(၃၀-၄၀) ပါရှိသည့် ယာယီစွေးတခုရှိသည်။ လူကြီး ခရီးစဉ်ကြဲကြိုက်သည့် တို့တွင် စွေးရောင်းချမှုကို ရွှေ့ဆိုင်းရတတ်သည်ကိုလည်း ကြုံရတတ်သည် မြို့နယ် အာဏာပိုင်အဖွဲ့အစည်းများက ရေ သန့်ရှင်းရေးစနစ်နှင့်လမ်းတို့စနစ်တကျပါဝင်သည့် စွေးအဆောက်အဦး တစ်ခုတည်ဆောက်ပေးရန် ပါဝင်ဆောင် ရွက်ပေးသင့်ပါသည်။

၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၂၁-၂၀၂၂(ဖ)	၂၀၂၂-၂၀၂၃	၂၀၂၃-၂၀၂၄	၂၀၂၄-၂၀၂၅	၂၀၂၅-၂၀၂၆
၁	ကျေးရွာတွင်း ကွန်ကရစ်လမ်း(ပေ၁၄၀၀′× ၁၂′× ၆”)	၁	✓	✓			
၂	ကျေးရွာမီးဘေးလုံခြုံရေးအတွက် ဂါလံ ၁၀၀၀၀ဆံ့ရေကန်	၂		✓			
၃	ကျေးရွာမှ ရေစက်ရုံသွား ကျောက်ချောလမ်း	၃			✓		
၄	မူလတန်းကျောင်းတံတိုင်းကာရန်ခန်းမှန်းပေ၄၀၀	၄				✓	
၅	ကျေးရွာစာကြည့်တိုက်	၅					✓
၆	ကျေးရွာဆေးပေးခန်း(အဆောက်အဦး)	၆		✓			

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ - တောရကျေးရွာ ကျေးရွာအုပ်စု - ကျောက်စုကျေးရွာအုပ်စု မြို့နယ် - ပင်းတယမြို့နယ် တိုင်း/ပြည်နယ် - ရှမ်းပြည်နယ်(တောင်ပိုင်း)
စီမံချက်အမည် - ကျေးရွာတွင်လမ်း ကွန်ကရစ်လမ်းခင်းခြင်း
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) ကျေးရွာတွင်းလမ်းများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ရည်ရွယ်ပါသည်။
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) ကျေးရွာတွင် ရွာတွင်းလမ်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာစေရန်အတွက် အထောက်အကူ ပြုလာမည် ဖြစ်ပါသည်။
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏ လုပ်ရမည်) ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းပြီး ကုန်ကျမည့်ပမာဏ(၁၀၀၀၀၀၀၀)ခန့်မှန်းထားပါသည်
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၉၀၀၀၀၀၀/-(ငွေသား) • (ငွေသား) • ၁၀၀၀၀၀၀/- (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ	ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)

	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၀၃	၁၃၇	၂၃၀	၂	၅	၆၂	၄	၇၃
အကျိုးခံစားမည့်သူ ဦးရေ	၁၀၃	၁၃၇	၂၃၀	၂	၅	၆၂	၄	၇၃
မှတ်ချက်။ ချောင်လည်အဆင့် - ၁ ၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
- ကျေးရွာလူထု
- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း -(၉ - ၁၂-၂၀၂၁)

(၃) စီမံချက် ပြီးစီးမည့် အချိန် - (၃၀- ၁-၂၀၂၂)

(၄) ကျေးရွာထည့်ဝင်မှုရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -

ကျေးရွာသူ/သားများ လုပ်အားပေးရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာအတွင်းအသံချဲ့စက်ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများမှ အပိုင်းလိုက် နှိုးဆော်၍လည်းကောင်း ဆောင်ရွက်သွားပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရပ်မိရပ်ဖများနှင့်ရွာသူရွာသားများ ပူးပေါင်း၍ လုပ်ငန်းများအချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မှီရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာတွင်းလမ်းများရေရှည်တည်တံ့ရေးအတွက် ကျေးရွာတွင် လမ်းလုပ်ငန်းကော်မတီဖွဲ့စည်း၍ လုပ်ငန်းများ လွှဲပြောင်းပေးပြီး ကော်မတီဝင်များနှင့် ကျေးရွာသူ/သားများတို့ ပူးပေါင်း၍ နှစ်စဉ်ပြုပြင်ထိန်းသိမ်း၍ အသုံးပြုသွားမည် ဖြစ်ပါသည်။

နောက်ဆက်တွဲ (၁)

တောရကျေးရွာ၊ ကျောက်စုကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁။	ဦးအောင်ကျန်	ဦးကျော်သိန်း	၁၃/ပတယ(နိုင်) ၀၄၅၇၅၈	၆၁	ဥက္ကဋ္ဌ	-
၂။	ဦးလွန်းပြေ	ဦးအောင်	၁၃/ပတယ(နိုင်)	၅၇	အတွင်းရေးမှူး	-
၃။	ဦးဝင်းဇော်လတ်	-	၁၃/ပတယ(နိုင်) ၀၅၇၀၅၈	၄၃	ဘဏ္ဍာရေးမှူး	-
၄။	ဦးဘကျော်	ဦးအောင်တင့်	၁၃/ပတယ(နိုင်) ၀၅၆၆၄၄	၃၂	စာရင်းကိုင်	-
၅။	ဒေါ်ယဉ်ယဉ်ထွေး	ဦးလှဝေ	၁၃/ပတယ(နိုင်) ၀၅၄၉၉၃	၃၁	အဖွဲ့ဝင်	-
၆။	ဒေါ်အိအိခိုင်	ဦးနိုင်မြဲ	၁၃/ပတယ(နိုင်)	၁၈	အဖွဲ့ဝင်	-
၇။	ဒေါ်မိုး	ဦးတာကူး	၁၃/ပတယ(နိုင်) ၀၃၆၉၀၉	၄၅	အဖွဲ့ဝင်	-

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	-	-	-	-	-
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	-	-	-	-	-
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၉	၁၀	၁၉	-	-
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၅	၇	၁၂	-	-
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၇၉	၁၀၆	၁၈၅	၁	၂
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၄	၇	၁၁	-	-
စုစုပေါင်း		၉၇	၁၃၀	၂၂၇	၁	၂
စုစုပေါင်း အိမ်ထောင်စု		၆၂				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ တောရကျေးရွာတွင် မူလတန်းနှင့် အလယ်တန်းကျောင်းနေအရွယ် အသင့်အတင့်ရှိပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ်များပြားပြီး သက်ကြီးရွယ်အို အနည်းငယ်သာရှိပါသည်။ ကျေးရွာတွင် မသန်စွမ်းသူ (၃)ဦးရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှနံရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
